**ကလေးများ လက်လှမ်းမမီသောနေရာတွင် လုံခြုံစွာသော့ခတ်သိမ်းဆည်းပါ**

## သတိပြုရန်

- ဆေးဖျန်းစဉ် လက်အိတ်၊ နှာခေါင်းစည်း၊ လည်ရှည်ဖိနပ်၊ ဘောင်းဘီရှည်၊ ရှပ်အင်္ကျီလက်ရှည်၊ မျက်ကာမှန်၊ အနားကျယ်သောဦးထုပ်၊ မျက်နှာဖုံး စသည့်အကာအကွယ်ဝတ်စုံများကို အပြည့်အစုံ ဝတ်ဆင်ရမည်။
- မျက်လုံးနှင့် အရေပြားပေါ်သို့ ဆေးနှင့် တိုက်ရိုက်မထိတွေ့စေရ။
- ဆေးကိုင်တွယ်အသုံးပြုနေချိန် အစာစားခြင်း၊ ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ရေသောက်ခြင်း မပြုရ။
- ဆေးဖျန်းပြီးလျှင် အဝတ်အစားများကို ဆပ်ပြာနှင့် ဂရုတစိုက် စင်ကြယ်အောင် လျှော်ဖွတ်ပါ။ ဆေးဖျန်းစဉ် လေဆန်မှ မဖျန်းရ။

## သိုလှောင်ခြင်းနှင့်စွန့်ပစ်ခြင်း

- အေးမြခြောက်သွေ့ပြီး လေဝင်လေထွက်ကောင်းသောနေရာတွင် မူလဆေးဘူးခွံကို အဖုံးတင်းကြပ်စွာပိတ်၍ သိုလှောင်ပါ။
- ကလေးများ လက်လှမ်းမမီသောနေရာတွင် လုံခြုံစွာသော့ခတ် သိမ်းဆည်းထားပါ။
- ဆေးဘူးခွံအလွတ်များကို ပြန်လည်အသုံးမပြုရပါ။ ထုခြေဖျက်ဆီး၍ မြေကျင်းနက်နက်တူးပြီး မြေမြှုပ်ပစ်ပါ။
- အသုံးပြုပြီးသော ဆေးဘူးခွံများကို မြစ်ချောင်း၊ အင်းအိုင်နှင့် မြောင်းများသို့ စွန့်မပစ်ရ။ မီးမရှို့ရပါ။
- လူအစားအစာ၊ တိရစ္ဆာန်အစားအစာ၊ မျိုးစေ့၊ ဓာတ်မြေသြဇာများနှင့် ရောနှောမသိုလှောင်ရ။

## ရှေးဦးသူနာပြုစုနည်း

- မျက်စိအတွင်းသို့ ဆေးဝင်လျှင် ရေများများနှင့် ဖြေးညင်းညင်သာစွာ ဖွင့်ချည်ပိတ်ချည် ၁၅ မိနစ်ခန့် ဆေးကြောပြီး ဆေးကုသမှုကို ခံယူပါ။
- ဆေးများကို ထိမိပါက ဆေးပေနေသောအဝတ်အစားများကို ချွတ်ပစ်ပါ။ ဆေးထိမိသော အရေပြားအား ရေ၊ ဆပ်ပြာဖြင့် ၁၅ မိနစ်မှ ၂၀ မိနစ်ထိ ဆေးကြောပါ။ ဆရာဝန်၏ အကြံဉာဏ်နှင့် ကုသမှုကို ခံယူပါ။
- ဆေးရှူမိလျှင် လူနာအား လေကောင်းလေသန့်ရရှိသော နေရာတွင် ထားပါ။
- ဆေးကို မျိုချမိပါက အန်အောင်မပြုလုပ်ရ။ အညွှန်းစာပါသော ဆေးဘူး၊ ဆေးထုပ်ခွံနှင့်အတူ နီးစပ်ရာဆရာဝန်ထံ ဆေးကုသမှု အမြန်ဆုံး ခံယူပါ။

ဖြေဆေး – ဖြေဆေးသီးသန့်မရှိပါ။ အဆိပ်သင့်လက္ခဏာအရ ကုသပါ။

| | |
|---|---|
| မှတ်ပုံတင်အမှတ် | P2018-2466 |
| ထုတ်လုပ်မှုအမှတ်စဉ် | |
| ထုတ်လုပ်သည့်ရက်စွဲ | |
| သက်တမ်းကုန်ဆုံးမည့်ရက်စွဲ | |

BURONOS

# TRIOMX 45 WP

# ထရိုင်ရိုမက်(စ်)

## ၄၅ ဒဗလျူပီ

## မှိုသတ်ဆေး

| | | |
|---|---|---|
| Active Ingredient : | **Copper Oxychloride** .... | 29% |
| | **Cymoxanil** .................... | 4% |
| | **Mancozeb** .................... | 12% |
| Inert Materials : | ........................................... | 55% |

ဆေးအုပ်စု – **Inorganic+Cyanoacetamide-oxime+Dithiocarbamate**



1 kg

ဖြန့်ချိသူ

BURONOS

**ဘူရိုနိုစ် ပရိုက်ဗေ့(ထ်) ကုမ္ပဏီလီမိတက်**
( BURONOS PRIVATE COMPANY LIMITED )
အမှတ်(၅၉/၆၁)၊ (ခြံအမှတ် – E)၊ မဟာဝိဇ္ဇာမိုရ်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်

ထုတ်လုပ်သူ

**ZENITH CROP SCIENCES BULGARIA LTD**
75-83, DIMITAR MANOV STR., SOFIA 1408, BULGARIA

အဆိပ်ဖြစ်မှုအဆင့်အတန်း GHS အုပ်စု(၅)




BURONOS

**ဖော်ကျူနာ ၈၀ ဒဗလျူပီ**
**မှိုသတ်ဆေး**

**ဆေးမသုံးစွဲမီ အညွှန်းကို သေချာစွာဖတ်ပါ**

ထရိုင်ရိုမက်(စ်) ၄၅ ဒဗလျူပီသည် သီးနှံပင်များတွင် ကျရောက်ဖျက်ဆီးတတ်သော မှိုရောဂါအမျိုးမျိုးကို ကာကွယ်နှိမ်နင်းရာတွင် ကာကွယ်ဆေးအဖြစ် အသုံးပြုနိုင်သော ထိသေအာနိသင်ရှိမှိုသတ်ဆေးဖြစ်ပါသည်။

## အသုံးပြုရန်အညွှန်း

| သီးနှံ | ကျရောက်သည့်ရောဂါ | နှုန်းထား (ဂရမ်/ဧက) | နှုန်းထား ဂရမ်/ရေ ၂၀ လီတာ | နောက်ဆုံးဆေးဖျန်းပြီးနောက် ရိတ်သိမ်းခူးဆွတ်ရန် စောင့်ဆိုင်းရမည့်ရက် |
|---|---|---|---|---|
| အာလူး၊ | နှောင်းပင်နာကျရောဂါ | ၁၅၀–၃၀၀ | ၂၅–၅၀ | ၁၄ |
| ခရမ်းချဉ် | စောပင်နာကျရောဂါ | ၁၅၀–၃၀၀ | ၂၅–၅၀ | ၁၄ |
| ငရုတ် | မှဲ့ပြောက်စွန်းရောဂါ | ၁၅၀–၃၀၀ | ၂၅–၅၀ | ၁၄ |
| ကြက်သွန် | တောက်တဲ့မြီးရောဂါ<br>ရွက်ခြောက်ရောဂါ | ၁၅၀–၃၀၀ | ၂၅–၅၀ | ၁၄ |
| ဂေါ်ဖီ | ရွက်ပြောက်ရောဂါ | ၁၅၀–၃၀၀ | ၂၅–၅၀ | ၁၄ |
| ဖရဲ၊ သခွားမွှေး | ရွက်ခြောက်ရောဂါ | ၁၅၀–၃၀၀ | ၂၅–၅၀ | ၁၄ |

- သီးနှံတစ်ရာသီတွင် ဆေးဖျန်းကြိမ်ရေ (၂–၃)ကြိမ်ထက် ပိုမဖျန်းပါနှင့်။
- ဆေးဖျန်းခြားရက် (၁၀–၁၄)ရက်
- ဆေးဖျန်းပြီးစိုက်ခင်းအတွင်း ပြန်လည်ဝင်ရောက်နိုင်သောကာလ–(၂၄)နာရီ
- ဆေးဖျန်းပြီးနောက် (၆)နာရီခန့်မိုးလွတ်လျှင် ပိုကောင်းပါသည်။